ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



ကော့ကဒိုက်ကျေးရွာအုပ်စု၊ကော့ကဒိုက်ကျေးရွာ ၂၀၂၄ ခုနှစ်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ....................................................................................................3

၂။ ကော့ကဒိုက်ကျေးရွာတည်နေရာပြမြေပုံ....................................................................................4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း...................................................................................5

၄။ ကျေးရွာအခြေခံအချက်အလက်များ.........................................................................................5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ...........................................................................................................8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ................................................................................. 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ............................................................................. 18

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)............................................................Error! Bookmark not defined.

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).................................................Error! Bookmark not defined.

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)......................................Error! Bookmark not defined.

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)............................Error! Bookmark not defined.

၁၃။ အစည်းအဝေးမှတ်တမ်းများ ......................................................Error! Bookmark not defined.

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ..................................................... 20


၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ .................. 20

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ............. 21

## ၁။ ချောင်းဆုံမြို့နယ်မြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Chaungzon
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Hin Thar Kyun
Se Pa Lar
Kawt Ka Daik
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကော့ကဒိုက်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကော့ကဒိုက်ကျေးရွာအုပ်စု | ကော့ကဒိုက်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကော့ကဒိုက်ကျေးရွာ

ကျေးရွာအုပ်စုအမည် - ကော့ကဒိုက်ကျေးရွာအုပ်စု

လူဦးရေ - ကျား -၆၆၈ ၊ မ ၆၅၁၊ စုစုပေါင်း ၁၃၁၉ဦး

အိမ်ထောင်စု - ၂၅၅စု

ကျန်းမာရေးဆေးပေးခန်း - ရှိ

ပညာရေးအဆောက်အဦး - အ.မ.က ၊ မူကြိုကျောင်း၊အ.လ.က

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း (၃) ကျောင်းနှင့် စေတီ (၁) ဆူ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ ဥယျာဉ်ခြံနှင့် ငါးဖမ်းလုပ်ငန်း

ကျေးရွာထွက်ကုန်များ - ဆန်/စပါး၊ လယ်ယာထွက်ကုန်များနှင့် ငါး၊ ငါးပိနှင့်ငါးခြောက်၊ ပုစွန်ခြောက်

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 1.10.2017 | ကျေးရွာလူထု | 143 | 194 | 337 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 1.10.2017 | ကျေးရွာလူထု | 143 | 194 | 337 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခ နကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 1.10.2017 | ကျေးရွာလူထု | 143 | 194 | 337 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 2.10.2017 | ကျေးရွာလူထု | 133 | 213 | 346 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 2.10.2017 | ကျေးရွာလူထု | 133 | 213 | 346 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 2.10.2017 | ကျေးရွာလူထု | 133 | 213 | 346 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 2.10.2017 | ကျေးရွာလူထု | 133 | 213 | 346 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




ကော့ကဒိုက်**ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ကော့ကဒိုက်ကျေးရွာသည် မွန်ဘာသာဖြင့် နေဟ်မရာင်၊ နေဟ်=ဆိပ် ကမ်း၊ မရမ်းကျေးရွာသည် ချောင်းဆုံမြို့မှ (၃) မိုင်ခန့်ကွာဝေပြီး ကွမ်းသဲကျေးရွာနှင့်ကုလားဘီးကျေး ရွာအကြားတည်ရှိပြီးသံလွင်မြစ်ဝကမ်းနားဘေးတွင်တည်ရှိသည်။ လူဦးရေ (၁၃၁၉) နီးပါးနေထိုင်ပြီး အိမ်ထောင်စု (၂၂၅) စုနှင့် အိမ်ခြေ (၆၅၀) ရှိသည် ဗမာအိမ်ထောင်စု (၃၇၁) စု၊ ကရင် (၅၄) စု၊ မွန် (၁၉၃) စု၊ အခြား (၁၂) စု၊ နေထိုင်ကြသည်။ သံလွင်မြစ်ရေးတိုက်စားမှုကြောင့် ကမ်းပြို၍ကျေးရွာရှိအိမ်များ အပေါ်ခြိတန်းသို့ပြောင်းရွှေ့နေထိုင်ကြသည် အချို့သောအိမ်ထောင်စုများ သည် မြေယာမဝယ်နိုင်၍ မြေယာမဲ့များဖြစ်လာကြသည် ပင်လယ်ကမ်းခြေနှင့် ထိစပ်နေ၍ရေလုပ်ငန်း ကိုလုပ်ကိုင်ကြသည် ကျေးရွာ၏အရှေ့ဘက် ဟသံ့ကျွန်းတွင် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင် ကြသည် ဓနိခြံလုပ်ငန်းနှင့် ရော်ဘာခြံလုပ်ငန်းလည်း အနည်းငယ်လုပ်ကိုင်ကြသည်။

ကော့ကဒိုက်ကျေးရွာတွင် အမက (၁) ကျောက်ကြို့ကျောင်း (၁)၊ ဘုန်းကြီးကျောင်း (၃) ကျောင်း၊ စေတီ (၁) ဆူရှိသည်။ စာကြည့်တိုက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွဲလျက် အဆောက်အဦး (၁) လုံးနှင့်ဓမ္မရုံ (၁) ခုရှိသည်။ ကမ်းခြေရွာဖြစ်၍ ရေလုံးလောက်မှုမရှိပေ။ ရေရရှိသည့် အပေါ်ခြိတန်းမှ သွယ်ယူသုံးစွဲ ရ၍ တစ်ရွာလုံးလွှမ်းခြုံမှု မရှိပေ။ မူလတန်းကျောင်းသည် လွန်ခဲ့သော်နှစ် (၄၀) ခန့်မှ မြေနေရာကို အလှူရှင်တစ်ဦးမှ လှူဒါန်းပြီးဆောက်လုပ်ထား၍

ဟောင်နွမ်းပျက်စီးမှုကြောင့်ကျောင်းသူကျောင်းသား များ ပညာသင်ကြားရာတွင် လုံခြုံမှုမရှိပေ။ ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်သည့်ဆေး ပေးခန်းမရှိ၍ ဆေးပေးခန်းလိုအပ်နေသည်။

ကျေးရွာရှိအဓိကလမ်းမှာ ကွန်ကရစ်လမ်းဖြစ်သည် ထိုကွန်ကရစ်လမ်းသည် လွန်ခဲ့သော (၁၀) နှစ်ခန့်ကကျေးရွာကိုယ်ထူကိုယ်ထ ထည့်ဝင်လုပ်သောလမ်းဖြစ်၍ နည်းပညာပိုင်လိုအပ်ချက်၊ အရည်အသွေးမပြည့်မီခြင်းကြောင့်ပျက်စီးစပြုနေသည် ဟသ်ာကျွန်းကျေးရွာမှစပါး၊ ခနိများသည် တိုလမ်းမကြီးကို အသုံးပြု၍ တခြားဒေသသို့တင်ပို့ကြသည် ထို့ကြောင့်ထိုလမ်းမကြီးကို ပြုပြင်ရန် လိုအပ်လျက်ရှိသည်။

### ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်



ကော့ကဒိုက်**ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကော့ကဒိုက်ကျေးရွာအုပ်စု၊ ကော့ကဒိုက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင် နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၃။ ကြက်ခြေနီအဖွဲ့

၄။ နာရေးကူညီမှုအဖွဲ့

၅။ ဆေးကော်မတီအဖွဲ့

၆။ ဒုမင်္ဂလာအသင်းအဖွဲ့

၇။ ပရဟိတလူငယ်အဖွဲ့

၈။ ကျေးရွာလူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့

၉။ ဆေးကော်မတီအဖွဲ့

၁၀။ မီးလင်းရေးကော်မတီ

၁၁။ စာကြည့်တိုက်ကော်မတီ

၁၂။ ဂေါ်ဆွမ်းအဖွဲ့

၁၃။ ဓမ္မစကူးလ်ဝတ်ရွတ်အဖွဲ့


၁၄။ ငွေစုငွေချေးအဖွဲ့

၁၅။ မြစိမ်းရောင်အဖွဲ့

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ကဒိုက်ကျေးရွာတွင် အဖွဲ့အစည်းများသည် ကျေးရွာကျေးရွာအ တွင်းအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ရပ်မိရပ်ဖ၊ ကျောင်းအကျိုးတော်ဆောင်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ဒုမင်္ဂလာအသင်း၊ ပရဟိတလူငယ်အဖွဲ့၊ ဆေးကော်မတီ၊ မီးလင်းရေးကော်မတီ၊ကျေးရွာစီထောက်အဖွဲ့၊စာကြည့်တိုက်ကော်မတီ၊ ဂေါ်ဆွမ်းအဖွဲ့၊ ဓမ္မစကူးလ် ဝတ်ရွတ်အဖွဲ့၊ ငွေစုငွေချေးအဖွဲ့၊ မြစိမ်းရောင်အဖွဲ့တို့ဖြစ်သည် ထိုအဖွဲ့များသည် မြို့နယ်ရှိ သက်ဆိုင် ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ကြသည်။

ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးမှူးအဖွဲ့၊ မီးလင်းရေးအဖွဲ့၊ ရပ်မိရဖအဖွဲ့သည် ကျေးရွာရှိဩဇာ သက်ရောက်မှုအကြီးဆုံးအဖွဲ့ဖြစ်သည် ကျန်အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင် ရာတွင် အထက်ပါအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးပြုလုပ်ကြသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အဆင့် | [illegible] | ၁၃၅ | 21.4 % |
| အလယ်အလတ် | [illegible] | ၃၂၅ | 51.6 |
| ဆင်းရဲ | [illegible] | ၁၇၀ | 27% |

ကော့ကဒိုက်**ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


ကော့ကဒိုက်ကျေးရွာ၏ ဓနအင်အားသတ်မှတ်ချက်ကို ချမ်းသာ၊ အသင့်အတင့်၊ ဆင်းရဲပာူ၍အဆင့် (၃) ဆင့်ဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ၎င်းအဆင့်သတ်မှတ်ချက်မှာအောက်ပါအတိုင်းဖြစ်သည်။

ချမ်းသာအဆင့်တွင် အိမ်ထောင်စု (၁၃၅) စုခန့်ရှိသည် ပိုင်ဆိုင်မှုအနေဖြင့် လယ်ဧက (၃၀) နှင့်အထက်၊ အိမ်စီးကား၊ ထော်လာဂျီ၊ SKYNET၊ ကျွဲ (၁၀) ကောင်၊ နွား (၇) ကောင်း၊TV၊ ရေခဲသေတ္တာ၊ ဆိုင်ကယ်၊ ဓနိခြံ၊ တိုက်အိမ်၊သစ်အိမ်သွပ်မိုး၊သားသမီးများတက္ကသိုလ်တက်နိုင်၊ စက်လှေတို့ဖြစ်သည်။

လယ်အလတ်အဆင့်တွင် ပိုင်ဆိုင်မှုမှာ လယ် (၁၀) ကေအထက်၊ ကုန်စုံဆိုင်၊ ဆိုင်ကယ်၊ နွား (၇) ကောင်း၊ ကျွဲ (၁၀) အောက်၊ ဓနိခြံ၊ TV၊ သစ်အိမ်သွပ်မိုး၊ လှေငယ်များရှိသည် ၎င်းအိမ်ထောင်စုမှာ (၃၂၅) စုရှိသည် မရမ်းကျေးရွာတွင် အသင့်အတင့်အိမ်ထောင်စုများဆုံနေထိုင်ကြသည်။

ကော့ကဒိုက်ကျေးရွာ၏အဆင့် (၃) တွင်ရှိသောအဆင့်သည် အိမ်ထောင်စု (၁၇၀) ရှိပြီး ထိုအိမ်ထောင်စုပိုင်ဆိုင်မှုမှာ ဝါးအိမ်၊ ထရံကာ၊ စက်ဘီး၊ မြေပိုင်မရှိ၊ ငါးဖမ်းပိုက်၊လှေငယ်များ သာပိုင်ဆိုင်ကြသည် ထိုသို့ဖြစ်ရခြင်းမှာ ပညာရေးနိမ့်ကျခြင်း၊ အရင်းအနှီးမရှိခြင်း၊ကျန်းမာရေး အသိနည်းပါးခြင်း၊ ငါးအရင်းအမြစ်များ၏ရှားပါးမှုနှင့် ကြုံတွေ့ရခြင်းတို့ကြောင့် ဆင်းရဲတွင်းမှ မလွတ်မြောက်နိုင်ကြသည်ကိုတွေ့ရသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ကော့ကဒိုက်**ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

ကော့ကဒိုက်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

**အိမ်မှုကိစ္စ**

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။ အမျိုးသမီးများသည် အဆင့် (၉) တွင်ရှိပြီး အမျိုးသားများသည် အဆင့် (၅) တွင်ရှိသည် အမျိုးသားများသည် အိမ်မှုကိစ္စများ ကို တခါတရံမှသာ အကူညီလုပ်ပေးကြသည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု**

၄င်းကဏ္ဍတွင် အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ တန်းတူပိုင်ဆိုင်ကြသည်ကိုတွေ့ရ သည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများနှင့်အမျိုးသမီးများတန်းတူနီးပါရှိကြောင်းတွေ့ ရသည်။ မရမ်းကျေးရွာတွင် လယ်ယာလုပ်ကိုင်ခြင်း၊ ဓနိခြံလုပ်ကိုင်ခြင်းတွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ကြသည်။

**ဝင်ငွေရရှိမှု**

ကော့ကဒိုက်ကျေးရွာ၏ဝင်ငွေရရှိမှုတွင် အမျိုးသားများပိုမိုရရှိကြသည် အမျိုးသမီးများသည် အမျိုးသား များ၏အလုပ်ကိုမလုပ်နိုင်ခြင်းကြောင့် အလုပ်အားခမတူညီကြပေ။ အချို့အမျိုးသမီးများ အိမ်မှုကိစ္စများ သားသမီးကိစ္စများနှင့်သာ အချိန်ကုန်နေ၍ ဝင်ငွေမရရှိခြင်းလည်းဖြစ်သည်။အမျိုးသားများသည်အဆင့် (၆) တွင်ရှိပြီး အမျိုးသမီးများသည်အဆင့် (၄) တွင်သာရှိသည်။

**လုံခြုံမှု**

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားနှင့် အမျိုးသမီးများအဆင့် ကွာခြားမှု သိမ့်မရှိသည်ဟု သိရှိရပါသည်။

**ပညာသင်ကြားခွင့်**

ပညာသင်ကြားခွင့်တွင်မှု အမျိုးသမီးများပိုမို သင်ကြားနိုင်ကြသည် ထိုသို့ဖြစ်ရခြင်းမှာ အမျိုး သားများသည် စီးပွားရေးအခက်အခဲကြောင့် အလုပ်လုပ်နိုင်သောအရွယ်ရောက်ရှိသည့်နှင့်

အလုပ်ကိုင် ကြရသည်။ အမျိုးသမီးများသည် အလုပ်လုပ်နိုင်သောအခွင့်လမ်းနည်းပါး၍ ပညာကိုသာဆက်လက် သင်ကြားခွင့်ရကြသည်။


**ခေါင်းဆောင်မှု**

ခေါင်းဆောင်မှုပိုင်တွင် အမျိုးသမီးများထက် အမျိုးသားများပိုမိုခေါင်းဆောင်နိုင်ကြောင်း တွေ့ရသည် အမျိုးသမီးများသည် မိမိကိုယ့်ကြည်မှု အားနည်းခြင်း ရှေးရိုးအယူဓလေ့ထုံထမ်းများအရ အမျိုးသားကိုသာ အရေးပေးခြင်းကြောင့်ခေါင်ဆောင်ပိုင်တွင် နောက်ရောက်နေကြသည်။

**ရပ်ရွာရေးပါဝင်ခွင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်**

ရပ်ရွာရေးကိစ္စများဆုံးဖြတ်ချက်ချခြင်း၊ အရင်းအမြစ်များစီမံခန့်ခွဲမှုနှင့် အသုံးချခြင်း၊ ရပ်ရွာရေးကိစ္စများတွင်ပါဝင်ခွင့်များတွင်အမျိုးသားနှင့်အမျိုးသမီးအတူတကွလုပ်ကိုင်ဆောင်ရွက်ကြကြောင်း တွေ့ရသည်။

**၆.၅ ရာသီခွင်ပြဇယား**



ကော့ကဒိုက်**ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မရမ်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် အလွန်ပူပြင်းခြောက်သွေ့သည် တခါတရံကဆုန်လတွင်မိုးအနည်းငယ်ရွာသွန်းတတ်သည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလတွင် မိုးများပြီး ဖြစ်ပေါ်စေသည်။

သီတင်းကျွတ်လတွင် မိုးလေသာယာသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နှင်းကျပြီးအနည်းငယ်အေးချမ်းသည်။

ကော့ကဒိုက်ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ ရာသီကူပြောင်းကာလဖြစ်သော ကဆုန်၊ နယုန်လ များတွင် ကလေးများသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီး ဝါဆိုလတွင် ရိုးရှင်းတုပ်ကွေးရောဂါဖြစ်ပွား သည် တန်ဆောင်မုန်း၊ နတ်တော်လများတွင်လည်း တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိသည် ရောဂါဖြစ်ပွား လျှင် ဝန်ဆောင်မှုပေးနိုင်သောဆေးပေးခန်းမရှိ၍ တခြားသို့သွားရောက်ကုသမှုခံယူရပါသည် အိမ် ထောင်စု (၃၀၀) ခန့်ခံစားရပြီး အမျိုးသမီးနှင့်ကလေးများ အများဆုံခံစားရသည်။

တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လတွင် ရေရှားပါးမှုနှင့်ကြုံတွေ့ရသည် မရမ်းကျေးရွာသည် ပင်လယ်နှင့် နီးစပ်၍ရေထွက်ပင်ရင်းမရှိပေ။ ထို့ကြောင့်ရွာနှင့် အေလှမ်းကွာဝေးသောနေရာမှ ရေကို ပိုက်ဖြင့်သွယ်တန်းပြီးသုံးစွဲနေရသည် လုပ်ငန်းရှင်များသည် ရေကိုသွယ်တန်းပြီးရောင်းချကြသည်။ ရေ ရှားပါးမှုကို အိမ်ထောင်စု (၂၅၀) ခန့်ကြုံတွေ့ရသည်။

ကော့ကဒိုက်ကျေးရွာတွင် တန်ခူး၊ ကဆုန်လတွင် သင်္ကြန်နှင့်ညောင်ရေသွန်ပွဲတော် ကျင်းပပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲများကျင်းပကြသည်။ကျေးရွာ၏အဓိကပွဲတော်ကိုတပို့တွဲလပြည့်နေ့ တွင် တရွာလုံးဆွမ်းလောင်းပွဲတော်ကျင်းပသည်။


တန်ခူး၊ ကဆုန်လတွင် တချို့လယ်ယာများထွန်းယက်ပြီးပျိုးထောင်ကြသည် တချို့လယ်သမား များသည် မိုးရွာသွန်းသောနယုန်လများထွန်းယက်ပြီးပျိုးထောင်ကြသည်။ ဝါဆို၊ ဝါခေါင်လတွင်စိုက်ပျိုး ကြပြီးတော်သလင်းလတွင် မြေဩဇာကျွေးမွေးကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လ များတွင်ရိတ်သိမ်းပြီး စပါးများရရှိကြသည်။ စိုက်ပျိုးရေးတွင် မရမ်းကျေးရွာအိမ်ထောင်စုအများဆုံးလုပ် ကိုင်ပြီးတစ်နှစ်ဝင်ငွေ (၁၅) သိန်းခန့်ရရှိသည်။ အမျိုးသမီးများသည်ကောက်စိုက်၊ စပါးရိတ်လုပ်ငန်းကို လုပ်ကိုင်ကြ၍ (၅၀%) ခန့်ပါဝင်ကြသည်။အဓိကပြဿနာမှာ စပါးခင်းများရေကြီးနစ်မြုပ်ခြင်း စပါးပင် များ ခရုကိုက်ခြင်း၊ ဈေးနှုန်းကျဆင်းခြင်း၊ ကုန်ကျစရိတ်ကြီးမားခြင်း၊စပါးမျိုးကောင်းမရှိခြင်း ပြဿနာ များနှင့်ကြုံတွေ့ရသည်။

ရာဘာစေးလုပ်ငန်းများကို မိုးရာသီတွင်မလုပ်ကိုင်ရဘဲ ကျန်လများတွင်လုပ်ကိုင်ကြသည် အိမ်ထောင်စု (၁၅၀) ခန့်လုပ်ကိုင်ပြီး တစ်နှစ်ဝင်ငွေ (၁၃) သိန်းခန့်ရရှိသည် ရောဘာလုပ်ငန်းတွင် ဈေး နှုန်းမတည်ငြိမ်ခြင်း အရည်အသွေးထိန်းသိမ်းမှုနည်းပညာလိုအပ်ခြင်း၊ ကျွမ်းကျင်လုပ်သာရှားပါးခြင်း၊ ပြဿနာများကြုံတွေ့နေရသည်။

ဓနိခြံလုပ်ငန်းကိုတစ်နှစ်ပတ်လုံးနီးပါးလုပ်ကိုင်ကြပြီး တစ်နှစ်ဝင်ငွေ (၉) သိန်းခန့်ရရှိသည် အိမ်ထောင်စု (၁၀၀) ခန့်လုပ်ကိုင်ပြီးအမျိုးသမီးများ ဖက်ထိုးခြင်းလုပ်ငန်းကြောင့် အမျိုးသမီးများပါဝင်မှု အများဆုံးဖြစ်သည်။

းကျေးရွာသည် ပင်လယ်နှင့်ထိစပ်သောကျေးရွာဖြစ်၍ ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး တစ်နှစ်ပတ်လုံးနီးပါးလုပ်ကိုင်ကြသည် တစ်နှစ်ဝင်ငွေ (၈) သိန်းဝန်ကျင်ရရှိပြီး ငါးများရှားပါးခြင်း၊ ငါးဖမ်း ပစ္စည်းလော့၊ စက်များဈေးနှုန်းမြင့်မားခြင်းကြောင့်လုပ်ကိုင်သူနည်းပါးလာပြီး ပြည်ပသို့ထွက်ခွာလုပ် ကိုင်နေကြသည်။

### ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ကော့ကဒိုက်**ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကော့ကဒိုက်ကျေးရွာ၏အရင်းအမြစ်များစုကို အမျိုးသားအမျိုးသမီးနှစ်ဦးစလုံးက တူညီစွာပိုင်ဆိုင် အသုံးပြုကြသည်။ သို့သော်ထိန်းချုပ်မှုအပိုင်တွင် အမျိုးသားများက ချောင်း၊ လယ်၊ ခြံများကိုထိန်ချုပ်ပြီး အမျိုးသမီးများကမိမိတို့နှင့်ထိစပ်မှုများသော မူကြိုကျောင်း၊ဓမ္မာရုံများ၏ကိစ္စများကို ဆုံးဖြတ်ချက်ချပြီ လုပ်ကိုင်ကြသည်။ ကျန်အရင်းအမြစ်များဖြစ်သော လမ်း၊ ရေတွင်း၊ ရေကန်၊ စာသင်ကျောင်း၊ နွား၊ ကျွဲများကိုအမျိုးသားအမျိုးသမီးများတိုင်ပင်ဆုံးဖြတ်ချက်ချပြီးလုပ်ကိုင်ကြသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ | ဖွဲ့စည်းသည့် ရက်စွဲ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီအမည် | ရာထူး |
|---|---|---|---|---|---|
| ၁ | ကော့ကဒိုက် | ကော့ကဒိုက် | ၁၃- ၇ -၂၀၂၄ | ဦးကျော်ဦး | ဥက္ကဌ |
| ၂ | | | | ဦးဇေယျာထွန်း | အတွင်းရေးမှူး |
| ၃ | | | | ဦးဝင်းနိုင် | ဥက္ကဌ |
| ၄ | | | | ဦးမြင့်သန်း | ဘဏ္ဍာရေးမှူး |
| ၅ | | | | ဒေါ်အေးအေးမျိုး | စာရင်းကိုင် |
| ၆ | | | | ဦးအောင်နိုင် | အဖွဲ့ဝင် |
| ၇ | | | | ဒေါ်ခင်စန်းဝင်း | အဖွဲ့ဝင် |
| ၈ | | | | ဦးသိန်းသန်း | အဖွဲ့ဝင် |
| ၉ | | | | ဒေါ်ခင်ထွေး | အဖွဲ့ဝင် |
| | စုစုပေါင်း | | | (၉)ဦး | |
| | | | | | |

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | လူထုခန်းမ မရှိသဖြင့် လူထုအစည်းအဝေးများပြုလုပ်ခြင်း၊ ရပ်ရွာလူထုအများ နားနေရန် ခက်ခဲခြင်း |
| ၂ | ကျား/မ | ရေအရင်းအမြစ်နည်းပါးသဖြင့် သန့်ရှင်းသော သောက်သုံးရေခက်ခဲခြင်း |
| ၃ | ကျား/မ | ပညာရေးအခြေခံအဆောက်အဦမရှိသဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခြားကျေးရွာများတွင် တက်ရောက်ရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။ |
| ၅ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၊ အသိပညာများအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုနည်းပါးပြီး စားဝတ်နေရေးကျပ်တည်းခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကွန်ကရစ်ခင်းခြင်း |
| | | |
| | | |

| | | |
|---|---|---|
| | | |
| | | |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း | မ | | |
| | ၄ | အင်္ဂလိပ်စကားပြောသင်တန်း | ကျား/မ | | |
| | ၅ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| အခြေခံအဆောက်အဦ | ၁ | ရေတွင်းတူးဖော်ခြင်း | ကျား/မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။